ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့ (26-7-2011) (၆၈၃၂)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　　ဇူလိုင်　　၂၆**

၂၀၁၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် နာရှစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော်　ဇူလိုင်　၂၅

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

**နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး စသည့် ကိစ္စအဝဝတို့ကို အကောင်းဆုံးဖြစ်အောင် အချင်းချင်း တိုင်ပင်ညှိနှိုင်း၍ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ကြပြီး ဖြစ်ပေါ်လာမည့်အကျိုးဆက်၏ အကောင်းအဆိုးကိုလည်း တာဝန်ယူရဲ၊ တာဝန်ယူရန်ဖြစ်

နေပြည်တော်　　ဇူလိုင်　　၂၅

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန** စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ယုဇနခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

၂၆ - ၇ - ၂၀၁၁
(အင်္ဂါနေ့)

## ရှေးဟောင်းအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်း

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ လူသားမျိုးနွယ်အဖြစ် စတင်ဖြစ်ထွန်းပေါ်ပေါက်လာသည်မှ အစပြု၍ ယဉ်ကျေးမှုနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။ မြေပေါ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ မြေအောက်မှ တူးဖော်ရရှိသည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများသည် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုကို ဖော်ညွှန်းပြသလျက်ရှိသည်။

နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေသည်။ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးဆုံးရှုံးသွားနိုင်သဖြင့် ယခုကဲ့သို့ ရှာဖွေဖော်ထုတ်သုတေသနပြု ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုထွန်းကားခဲ့ရာဒေသများ၊ သမိုင်းဝင်ပစ္စည်းများ၊ ကျောက်စာ၊ ပေ ပုရပိုက်များ ရှာဖွေစုစည်း ထိန်းသိမ်းခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း ပြုလုပ်လျက်ရှိရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် တစ်ခုအပါအဝင်ဖြစ်သည်။

ပုဂံဒေသသည် မြန်မာတို့၏ယုံကြည်ကိုးကွယ်ရာ စေတီပုထိုးပေါင်းများစွာရှိသော ဒေသဖြစ်သည်။ ပုဂံဒေသရှိ စေတီ၊ ပုထိုး၊ ဂူဘုရားများအတွင်း ရေးထိုးထားသော နံရံဆေးရေးပန်းချီလက်ရာများ၊ မင်စာ၊ ကျောက်စာ၊ ခေါင်းလောင်းစာ၊ အင်္ဂတေပန်းလက်ရာများအပါအဝင် ပန်း ၁၀ မျိုး အနုပညာလက်ရာများသည် မြန်မာတို့၏ ဗိသုကာအတတ်ပညာနှင့် အနုလက်ရာအဆင့်အတန်းမြင့်မားမှုကို ခန့်မှန်းနိုင်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံနှင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ညွှန်းလျက်ရှိသည်။ ပုဂံဒေသရှိ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ တန်ဖိုးမြင့်မား ရှေးဟောင်းအမွေအနှစ်များကြောင့် ကမ္ဘာသို့တိုင် ပျံ့နှံ့ကျော်ကြားသည်။ ကမ္ဘာလှည့်ခရီးသည်အများအပြား စိတ်ပါဝင်စား လာရောက်လေ့လာသော ဒေသဖြစ်သည်။

ယခုအခါ ရှေးဟောင်းအမွေအနှစ်အချို့သည် ရာသီဥတုကြောင့် ပျက်စီးမှုများရှိလာရာ မူလပုံစံမပျက် ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်မွမ်းမံခြင်းများ ပြုလုပ်လျက်ရှိသည်။ ခေတ်မီနည်းစနစ်များသုံး၍ သိပ္ပံနည်းကျ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးဗဟိုဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျထိန်းသိမ်းလျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံးက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့၍ မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## ဖြူးမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**ဖြူး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဇူလိုင် ၂၄ ရက် နံနက် ၉နာရီက ဖြူးမြို့ ဈေးရပ်ကွက် ပဲခူးလမ်းခုံးကျော် ၁၁/သုည ဒသမ ၄ ကေဗွီ (၅၀၀)ကေဗွီအေ ထရန်စဖော်မာ ဓာတ်အားခွဲရုံရှေ့၌ ကျင်းပသည်။

မြေစိုက်ပိုစတာ စိုက်ထူအပြီးတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားရာဈေးနှင့် လမ်းဆုံများ၌ လိုက်လံဝေငှပေးကြပြီး ဆက်လက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၄၀)

### အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅-၇-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၂၉. ၇၅၀၀ | ၀. ၀၃၃၆၁ |
| တရုတ် (ယွမ်) | ၆. ၄၄၇၀၀ | ၀. ၁၅၅၁၁ |
| အိန္ဒိယ (ရူပီး) | ၄၄. ၃၉၇၅ | ၀. ၀၂၂၅၂ |
| မလေးရှား (ရင်းဂစ်) | ၂. ၉၇၄၀၀ | ၀. ၃၃၆၂၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၀၇၀၇ | ၀. ၈၂၈၄၅ |
| ဂျပန် (ယန်း) | ၇၈. ၂၂၈၁ | ၀. ၀၁၂၇၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၅၆. ၂၉ | ၀. ၀၀၀၉၅ |
| ယူရို | ၀. ၆၉၅၈၁ | ၁. ၆၂၈၁၇ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၄၁၉ | ၁. ၆၂၈၁၇ |

**အင်တာနက်။**

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၂၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြနှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးတို့က သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဌာနမှူးများအား ပျိုးပင်များ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးများက သတ်မှတ်နေရာများ၌ သစ်ပင်များ စိုက်ပျိုးပေးကြကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ နိုင်ငံအကျိုးပြု သုတေသနဆောင်ရွက်ထားရှိမှုနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကျွန်း၊ ကံ့ကော်၊ ပျဉ်းကတိုး၊ ခရေ၊ မဲဇလီ၊ စိန်ပန်း၊ ငုရွှေဝါ၊ ပိတောက်၊ ကုက္ကို၊ တမာစသည့် ပျိုးပင်စုစုပေါင်း အပင် ၁၀၄၀ ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် ယခုနှစ် မိုးရာသီကာလအတွင်း စုစုပေါင်း ပျိုးပင် ၁၅ သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ပျိုးပင်ပေါင်း ၁၃၉၁၆၈၅ ပင် စိုက်ပျိုးပြီးဖြစ်သည်။ (သတင်းစဉ်)

## ကယားပြည်နယ် သစ်တောဦးစီးဌာန တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲ ကျင်းပ

**လွိုင်ကော် ဇူလိုင် ၂၅**

ကယားပြည်နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီတွင် လွိုင်ကော်တက္ကသိုလ်၌ ကျင်းပရာ ကယားပြည်နယ် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းဦးက သစ်ပင်စိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ကယားပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပိတောက်၊ သင်းဝင်၊ ယူကလစ်၊ ခါတော်မှိ၊ မဟော်ဂနီ၊ စိန်ပန်း စုစုပေါင်း အပင် ၁၀၀၀ ကို စိုက်ပျိုးပေးကြကြောင်း သိရသည်။**(ဝဲပုံ)** (ကြေးမုံ)

## ပန်းတနော်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဆပ်သေကျေးရွာအုပ်စု ကျောင်းဆိပ်ကျေးရွာ မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် အဆိုပါမြို့နယ် ရန်ကုန်- ပုသိမ်ကားလမ်းဘေး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ် စုစုပေါင်းပျိုးပင် ၃၀၀၊ တစ်အိမ်ထောင်ကျွန်းသုံးပင်ဖြင့် ၉၉၉ ပင်၊ တစ်အိမ်ထောင် သစ်မာအပင်၂၀ ဖြင့် ယူကလစ်အပင် ၂၀၀၀၊ တစ်ရွာတစ်ဧကယူကလစ်အပင် ၃၀၀၊ တစ်အုပ်တစ်မကျွန်းစိုက်ခင်း၌ အပင် ၆၀၀ စုစုပေါင်း ၄၁၉၉ ပင်ကို စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

ထားဝယ်မြို့အနောက်ရပ် အာဇာနည်လမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်းအေး(၈၅)နှစ် (ဖိနပ်ဆိုင်) တစ်လပြည့်အားရည်စူး၍ ကျန်ရစ်သူ သားသမီး မြေးတစ်စုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်လေးသိန်း တန်ဖိုးရှိ ဆေးမျိုးစုံ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ခင်ခင်ယုတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဇူလိုင် ၂၅ ရက်က ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် ရွှေမန်းသူခရီးသည် ပို့ဆောင်ရေးမှ ယာဉ်မောင်းနှင့် ယာဉ်အကူများ၏ စုဆောင်းငွေဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

✳ **ရှေ့ဖုံးမှ**

ဘဒ္ဒန္တ အဂ္ဂိယ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် နိကာယနယူပဒေသကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသတို့ အမှူးပြုတော်မူသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**အခမ်းအနားဖွင့်လှစ်**

အစီအစဉ်အရ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော်ထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့က နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း ဆရာတော်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ကိုးပါးသီလ ခံယူဆောက်တည်**

နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်နှင့် ဧည့်ပရိသတ်များ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

# ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော် ပျဉ်းမနားမြို့နယ် ဦးဗုဒ္ဓေါ တောရကမ္မဋ္ဌာန်းကျောင်းတိုက် ပရဝဏ်အတွင်းရှိ ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေး တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

**နေပြည်တော် ပျဉ်းမနားမြို့နယ် ဦးဗုဒ္ဓေါ တောရကမ္မဋ္ဌာန်းကျောင်းတိုက် ပရဝဏ်အတွင်းရှိ ဗောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၇-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "မီးလောင်ပြင်မှာပွင့်သောပန်း" တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၆း၄၀ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်. . . ကန်တော်ဦးမှုမြတ်စေတီ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၇၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၈)**
၈း၄၅ Activities in The City
၈း၅၅ တောင်စလင်းတိုက်သစ် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်း၏ဒါနကုသိုလ်
၉း၁၀ ကောင်းခြင်းဝေဖြာဆံကေသာ. .
၉း၂၅ ကျန်းမာပျော်ရွှင်ခြင်းအတွက် KENT အိမ်သုံးရေသန့်စက်
၉း၄၀ Cartoon Show Time
၁၀း၂၀ JAPAN VIDEO TOPICS (Walking on Wood)
၁၀း၂၅ ထန်းသမားတို့ဘဝ
၁၀း၄၅ Celebrity Style
၁၁း၁၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ သင်ကြားရေးလမ်းညွှန်
၁၂း၃၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၁း၀၀ "မီးလောင်ပြင်မှာပွင့်သောပန်း" တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၂း၄၅ ကံဘုန်းပွင့်စေမည်ကျိုက်လတ်မြို့မှ ကံဘုန်းပွင့်စေတီ
၃း၀၀ အဆစ်ရောင်ခါးနာ (ပါမောက္ခဒေါက်တာချစ်စိုး)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၇၆)**
၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၈)**
၅း၀၅ ဆယ်ကျော်သက်တို့ရဲ့ရင်ခုန်သံ မေးခွန်းများ (အပိုင်း-၂)
၅း၂၀ The Champion of Dance
၆း၀၀ MRTV-4 သတင်း
၆း၂၀ ခနောင်ဖြူမြို့နယ် သပြုကျေးရွာမှ ကျောင်းဆောင်သစ်လွှဲအပ်ပွဲနှင့် ၂၀၁၀/၁၁ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ ဂုဏ်ပြုပွဲအခမ်းအနား
၆း၄၀ မဟာသံ့သာရရုပ်ရှင်တော်မြတ်ကြီး၏ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၇၇)**
၇း၃၀ Celebrity Choice
၈း၀၀ MRTV-4 သတင်း
၈း၃၀ အနုပညာမိုးကောင်းကင်
၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၉)**
၁၀း၃၀ 14th FINA WORLD CHAMPIONSHIPS-SHANGHAI 2011
၁၁း၃၀ World of Knowledge
၁၂း၂၀ ဘဝတော၀ါနေဘရိယသတိ (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁း၁၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ
၁း၄၅ ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
၂း၀၀ Box Office Movies
၂း၂၅ မိသားစုများစိတ်ချမ်းမြေ့စေဖို့ "မိုးပုလဲ"မှာဝယ်ကြစို့
၂း၄၀ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့နေကြာအထွက်တိုးအောင်စိုက်ကြစို့"
၂း၄၅ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏မသန်စွမ်းသူများအတွက် Barrier Free
၃း၁၅ လူကုန်ကူးမှုတိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့
၃း၂၀ ဒို့တိုင်းဌာနီဧရာဝတီ
၃း၅၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
၄း၀၀ အဘိုးအဘွားများအေးချမ်းစွာ နားခိုရာချမ်းမြေ့သာယာ စံတော်သာ
၄း၃၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
၄း၄၀ ကြည်နူးဖူးမဝ ထူးလှသည့်ဓာတ်တော်တိုက်ဆီ
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

○ ရှေ့ဖုံးမှ

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် နေပြည်တော်မှ မန္တလေးမြို့သို့ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် ဒုတိယသမ္မတသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ယုဇနခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ ဖွဲ့စည်းမှု၊ စိုက်ပျိုးမြေနှင့် ရေရရှိမှု၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုနှင့် စိုက်ဧရိယာတိုးတက်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ စက်မှုဇုန်များ၏ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း (၈)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှု စသည့် နယ်မြေဒေသ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အသီးသီးပေါ်ထွက်လာ

ထို့နောက် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ပေါ်ပေါက်လာသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်ဟူ၍ အသီးသီးပေါ်ထွက်လာပြီဖြစ်ပြီး ယင်းတိုင်းဒေသကြီး/ပြည်နယ်အဆင့် အာဏာပိုင်အဖွဲ့(၃)ရပ်သည်လည်း တစ်ခုနှင့်တစ်ခု ဟန်ချက်ညီညီ ထိန်းကျောင်းသွားနေကြကာ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မိမိတို့တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ဘဏ္ဍာငွေရှာဖွေသုံးစွဲရေး၊ ဝန်ထမ်းရေးရာ စသည့် ကိစ္စအဝဝတို့ကို အကောင်းဆုံးဖြစ်အောင် အချင်းချင်း တိုင်ပင်ညှိနှိုင်း၍ ထိရောက်လျင်မြန်စွာ အနီးကပ်ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း။

ထို့အတူ ဖြစ်ပေါ်လာမည့်အကျိုးဆက်၏ အကောင်းအဆိုးကိုလည်း တာဝန်ယူရဲ၊ တာဝန်ယူရန်ဖြစ်ပြီး ဆောင်ရွက်ချက်တိုင်း ပြည်ထောင်စုအစိုးရသို့ တင်ပြအကြောင်းကြားရန်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့လည်း ပေးပို့အကြောင်းကြားရမည်ဖြစ်ပါကြောင်း၊ လိုအပ်လျှင် အကူအညီရယူသွားရန်လည်း ဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းဒေသကြီးအတွင်း လူနည်းစုဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ ကိစ္စရပ်များကိုလည်း လျစ်လျူရှုထားခြင်းမျိုး မဖြစ်ရစေရန် ယင်းတို့၏ ပြဿနာ ကြီး/ငယ်တို့ကို သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်၍လည်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

လိုအပ်ချက်အရ အသစ်ပြန်လည်ဖွဲ့စည်းပေးလိုက်သော ဝန်ကြီးဌာနအလိုက် တာဝန်ယူသွားရမည့် ဝန်ကြီးများအားလုံးအပါအဝင် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဆောင်ရွက်ချက်များသည် အားလုံးကို ထင်သာမြင်သာရှိအောင် ဆောင်ရွက်နိုင်ရန် သန့်ရှင်းသောအစိုးရအဖြစ် ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်လေးစားမှုတို့ကို ရရှိစေရန် လိုအပ်ပါကြောင်း။

### ဆွေးနွေးပြဋ္ဌာန်းနိုင်

အလားတူ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည်လည်း လိုအပ်သောဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်း၊ ခေတ်နှင့်မကိုက်ညီတော့သည့် ဥပဒေဟောင်းများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ ဥပဒေပြုစာရင်းတွင် ပါဝင်သော တိုင်းဒေသကြီး၏ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်သောဥပဒေများကို လွှတ်တော်တွင်း ချပြဆွေးနွေးပြဋ္ဌာန်းနိုင်ပြီး မိမိတိုင်းဒေသကြီး၏ တိုးတက်ရာ တိုးတက်ကြောင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တရားရေးကဏ္ဍ၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ ကွပ်ကဲမှုအောက်တွင် လွတ်လပ်စွာ တရားစီရင် ကြီးကြပ်ဆောင်ရွက်နိုင်ပြီဖြစ်ပြီး မိမိတို့တိုင်းဒေသကြီးအတွင်း ရာဇဝတ်မှုများနှင့် တရားမမှုများ စုပုံကျန်မနေစေရေး၊ အလျင်အမြန်ပြီးပြတ်နိုင်စေရေး ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သောအကူအညီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းသွားရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တရားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ချစ်ခင်ယုံကြည်လေးစားမှုကို ရယူနိုင်ရန် ကြိုးစားရမည်ဖြစ်ပြီး တရားရေးဌာနအတွင်း အဂတိလိုက်စားမှုများ ရှောင်ရှားနိုင်ရေး လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

မန္တလေးမြို့တော်ကြီးသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သကဲ့သို့ သမိုင်းဝင်ယဉ်ကျေးမှု မြို့တော်လည်းဖြစ်ပြီး နိုင်ငံခြားခရီးသွားဧည့်သည်များ အမြဲမပြတ်ဝင်ထွက်သွားလာနေသော မြို့ဖြစ်သည့်အပြင် လယ်ယာထွက်ကုန်ပစ္စည်းများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော ဗဟိုမြို့လည်း ဖြစ်ပါကြောင်း၊ အိမ်နီးချင်း နိုင်ငံကြီးများ၏ ထုတ်ကုန်များဖြန့်ဖြူးရာ၊ ဖြတ်သန်းရာဖြစ်သည့်အပြင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးပေါင်းစုံ ဝင်ထွက်သွားလာရာ အချက်အချာကျသော ဒေသဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီ သာယာလှပသော မြို့တစ်မြို့ဖြစ်စေရေး ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း။

မန္တလေးမြို့တော်ကြီးကို ခေတ်မီမြို့တော်ကြီးတစ်မြို့ အမှန်ဖြစ်လာစေရန် မြို့တော်၏ လမ်းကြီး၊ လမ်းငယ်အပါအဝင် အခြေခံအဆောက်အအုံများကို အမြန်ဆုံး တည်ဆောက်ပေးသွားရန်၊ ရာသီဥတုပူပြင်းသည့်ဒဏ်ကို ခံနိုင်စေရန်နှင့် မြို့တော်သာယာလှပစေရန် မြို့တွင်းနေရာအနှံ့ သစ်ပင်ပန်းပင်များ၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးပေးခြင်းနှင့် စိုက်ပျိုးစေခြင်း၊ မြို့တော်သန့်ရှင်းသာယာရေးအတွက် အမှိုက်သိမ်းစနစ် စနစ်တကျရှိရေး၊ ကွမ်းတံတွေးများ စည်းကမ်းမဲ့ မထွေးစေရန် ဆောင်ရွက်ခြင်း၊ ခေတ်မီရေအိမ်များ အမြောက်အမြားဆောက်လုပ်ပေးခြင်း၊ အမှိုက်ပုံးများ လမ်းတိုင်းစေ့ထောင့်စေ့ချထားပေးပြီး နေ့စဉ်သိမ်းဆည်းပေးခြင်း၊ တိုင်းဒေသကြီးအစိုးရက လုပ်ဆောင်ရန်အခက်အခဲရှိပါက ပုဂ္ဂလိကအဖွဲ့အစည်းများအား လုပ်ကိုင်စေခြင်း စသည်တို့ဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ပြည်တွင်းပြည်ပရှိ နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းအမြောက်အမြားနှင့် တိုင်းဒေသကြီးအဆင့်ရှိ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးရာတွင် မိမိ၏နိုင်ငံတော်ဘက်မှ မှန်ကန်စွာ ဆွေးနွေးနိုင်ရန်အတွက် နိုင်ငံတော်၏ရပ်တည်ချက်များကို အကျွမ်းတဝင် သိရှိနားလည် သဘောပေါက်အောင် ကျေညက်စွာ လေ့လာထားရန်လည်း လိုအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝများ မြှင့်တင်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်ကို ယခုနှစ် ဇူလိုင် ၁ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါအစီအစဉ်မှ ချမှတ်ထားသော အချက်ကြီး(၈)ချက်ထဲမှ စိုက်ပျိုးမွေးမြူရေး၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်မှု၊ ငွေကြေးဝန်ဆောင်မှု၊ သမဝါယမလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာမီးလင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အကောင်အထည်ဖော်ရာတွင် အရေးကြီးဆုံးအချက်သည် လုံလောက်သော ပုဂ္ဂလိက အသေးစားငွေစုငွေချေးကဏ္ဍ ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ယင်းအချက်ကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

### စစ်ဆေးသွားမည်

တောင်သူလယ်သမား၊ ကျေးလက်နေပြည်သူများအပေါ် စေတနာထားရှိသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ပုဂ္ဂလိကငွေကြေးဝန်ဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိသော ကျေးရွာစုစုပေါင်း ၄၇၈၀ အတွက် လုပ်ငန်းစဉ်များထဲမှ မိမိ၏ တိုင်းဒေသကြီးနှင့် ကိုက်ညီသည့်လုပ်ငန်းများကို ဦးစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လက်တွေ့ အကောင်အထည်ဖော်ဆောင်မှုများကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာ စစ်ဆေးသွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် လာမည့် ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်၌ တာဝန်ယူကျင်းပသွားရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သော မန္တလေးတိုင်းဒေသကြီးမှ ထူးချွန်ရန် အလားအလာရှိသော အားကစားသမားများအား ရှာဖွေစုဆောင်းပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည့် အားကစားပြိုင်ပွဲများ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်သမ္မတ မိန့်ကြားခဲ့သည့်အတိုင်း သန့်ရှင်းသောအစိုးရဖြစ်အောင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသော ဌာနပေါင်းစုံ နိုင်ငံ့ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစေရန် ကြီးကြပ်စီမံပြီး ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၇-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာ့ရှုခင်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၂၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၇။ လျှပ်တစ်ပြက်
- ၄:၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၂၂)**
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၄၅)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ သီချင်းလက်ဆောင်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၂၄)**
- ၂၅။ Mini Series

## စဉ့်ကူးမြို့နယ်၌ စုပေါင်းလှူဒါန်းပွဲ ကျင်းပ

**စဉ့်ကူး ဇူလိုင် ၂၅**

စဉ့်ကူးမြို့နယ် လက်ပန်လှ ရွှေရုံးပင်ရပ် အနန္တဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ဒသမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါရိပ်သာ မေတ္တာရှင်ဓမ္မာရုံ၌ ကျင်းပရာ သာသနာ့နဂ္ဂဟအဖွဲ့ တာဝန်ရှိသူများနှင့် ကုသိုလ်ရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(၆၂၉)

# ရေ၊ မြေ၊ သယံဇာတများကို လုံ့လ ဝီရိယ အရင်းခံပြီး ထိရောက်စွာအသုံးပြု လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၂၅**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် မိုးစပါး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ဧက ၃၀ စိုက်ခင်းအတွက် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးခင်း၌ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုးမင်း ခေါင်းဆောင်သော တောင်သူလယ်သမား လေ့လာရေးအဖွဲ့များနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံ၍ မြေနှင့်ရေရရှိက အလုပ်အကိုင်ရှိရမည်ဟူသည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ရေ၊ မြေ၊ သယံဇာတ ပေါများကြွယ်ဝသော မိမိတို့နိုင်ငံတွင် ရေ၊ မြေ၊ သယံဇာတများကို လုပ်ကိုင်လိုစိတ်၊ လုံ့လဝီရိယ အရင်းခံပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းအားဖြင့် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများ အပိုဝင်ငွေရရှိရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို မိမိတို့ဒေသ ပတ်ဝန်းကျင် သဘာဝနှင့်ကိုက်ညီသည့် မြေအခြေအနေပေးမှုအပေါ် မူတည်၍ မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ပိုမိုအားထုတ် လုပ်ဆောင်သွားကြခြင်းဖြင့် ဝင်ငွေနှင့် လူနေမှုဘဝ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ လေ့လာရေးခရီးစဉ်မှ ရရှိသည့် ဗဟုသုတအသိအား လက်တွေ့ ပြန်လည်အသုံးချခြင်းအားဖြင့် မိမိတို့၏ပတ်ဝန်းကျင် တောင်သူလယ်သမားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဆန်စပါးစိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

### မေးမြန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များသည် ကောက်ညှင်းမွှေးစပါး သုတေသနစိုက်ခင်းပေါင်များနှင့် တောင်သူပညာပေး အထူးအထွက်တိုးစပါးစိုက်ခင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တစ်ဧက ပျမ်းမျှတန် ၆၀ အထက် ထွက်ရှိနိုင်သည့် ကြံအထူးအထွက်တိုးမျိုးစိုက်ခင်း ငါးဧက၊ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံရှိ တစ်ဧက တင်း (၅၀-၆၀)၊ ဆီပိသာ ၂၂၀ ထွက်ရှိနိုင်ပြီး နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးအတွက် အထောက်အကူဖြစ်စေမည့် နေကြာအထူးအထွက်တိုးမျိုးစေ့ရရှိရေး စိုက်ခင်းနှင့် တစ်ဧက တင်း ၁၂၀ ထွက်ရှိနိုင်မည့် စပ်မျိုးပြောင်း မျိုးစေ့ ထုတ်လုပ်ရေးစိုက်ခင်းတို့ကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

❑ ဘွဲ့ရကျောင်းသားမှ

ထို့နောက် ပင်မစာသင်ဆောင် အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်က တက္ကသိုလ်သမိုင်း၊ သင်ကြားပေးလျက်ရှိသည့် အထူးပြုဘာသာရပ်များ၊ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားဦးရေ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းအင်အား၊ ကျောင်းအဆောက်အအုံများနှင့်တည်ဆောက်ဆဲ အဆောက်အအုံများအခြေအနေ၊ ပါရဂူဘွဲ့ရရှိပြီးသူ ဆရာ၊ ဆရာမများအရေအတွက်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အားကစားလှုပ်ရှားမှု၊ Video Conference & Communication System တပ်ဆင်ဆောင်ရွက်နေမှုနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့် ပြည်ထောင်စုဝန်ကြီးများ လာရောက်ရခြင်းသည် တက္ကသိုလ်၏ လိုအပ်ချက်များကို သိရှိလိုသည့်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့် ကိုက်ညီအောင် လိုအပ်သည့် စာသင်ခန်းများ တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးသင့်သည်များကို တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးမြင့်မားလာရေးအတွက် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝနေရန် လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကလည်း ပညာကို လိုလားစွာသင်ယူကြရန် လိုကြောင်း၊ ဆရာ၊ ဆရာမအပိုင်းနှင့် ကျောင်းသား၊ ကျောင်းသူအပိုင်းက လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ပါမှ အရည်အသွေးမြင့်မားလာမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သော ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ ထွက်ပေါ်လာရေးအတွက် သင်ကြားနေသော ဆရာ၊ ဆရာမများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မစာသင်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းခန်းမဆောင်၌ ပြသထားသည့် Internal Office Multiple Video Conference & Communication System တပ်ဆင်ပြသနေမှု၊ ရတနာပုံတက္ကသိုလ်ပုံစံငယ်၊ တက္ကသိုလ်၏ သုတေသနပြုဆောင်ရွက်ချက်များ၊ ပါရဂူဘွဲ့စာတမ်းများနှင့် သုတေသနစာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ ယာဉ်ရပ်နားစခန်းနှင့် စားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့ဘောလုံးအကယ်ဒမီ(မန္တလေး)သို့ ရောက်ရှိပြီး သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရတနာပုံအက်ဖ်စီ ဘောလုံးအသင်းဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် မြန်မာ့ဘောလုံးအကယ်ဒမီ(မန္တလေး)နည်းပြချုပ် ဘရာဇီးနိုင်ငံသား Mr.Marcos တို့က သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သင်တန်းသားစားသောက်ဆောင်နှင့် လေ့ကျင့်ရေးခန်းမတို့ကို လှည့်လည်ကြည့်ရှုပြီး အသက်(၁၅)နှစ်အောက် သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ် ရှင်းလင်းခန်းမဆောင်၌ ရတနာပုံတက္ကသိုလ်ပုံစံငယ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

အဆိုပါ မြန်မာ့ဘောလုံးအကယ်ဒမီ(မန္တလေး)၌ အသက်(၁၁)နှစ်အောက်၊ အသက်(၁၃)နှစ်အောက်နှင့် အသက်(၁၅)နှစ်အောက် သင်တန်းသား စုစုပေါင်း ၁၀၈ ဦးရှိပြီး အခြေခံပညာကို အားကစားနှင့်ကာယပညာ သိပ္ပံ(မန္တလေး)၌ သင်ကြားလျက်ရှိသည်။ယင်းအကယ်ဒမီတွင် ဘောလုံးအားကစားနည်းကို နည်းပြချုပ်အပါအဝင် နည်းပြ ၁၃ ဦးဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတသည် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ရောက်ရှိရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်က အားကစားနှင့် ကာယပညာသိပ္ပံ၏ ဦးတည်ချက်များ၊ သင်တန်းသားများ တက်ရောက်သင်ကြားနေမှု၊ တည်နေရာနှင့် အကျယ်အဝန်း၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်း၏ အရည်အချင်းသတ်မှတ်ချက်၊ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မှု၊ ဆုရရှိမှုအခြေအနေနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုများ၊ ပြိုင်ပွဲကျင်းပရေးအဆောက်အအုံများ၊ တည်ဆောက်ရမည့် အခြေအနေနှင့် ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့ဘောလုံးအကယ်ဒမီ(မန္တလေး)၌ သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ACU စနစ် အသုံးပြုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းပွဲအဖွဲ့ (Asian Clearing Union) ၏ ACU စနစ် အသုံးပြုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ကုန်သည်စက်မှုအသင်းချုပ် (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ACU အဖွဲ့ဝင်ရှစ်နိုင်ငံအကြား ACU စနစ်အသုံးပြုမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) နှင့် မြန်မာ့စီးပွားရေးဘဏ် (MEB)တို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိသို့ ဆက်သွယ်စုံစမ်း၍ ဇူလိုင် ၂၇ ရက် နောက်ဆုံးထား အမည်စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် The 8th Asia - Pacific Business Forum(APBF) and The First Pacific Trade & Investment Fair သို့ တက်ရောက်ရန် UNESCAP ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း(MIA)မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်ဝင်းမောင်နှင့် အသင်းဝင် ဦးမြင့်အောင်တို့ ဇူလိုင် ၂၄ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူတစ်ဦး ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၂၅) ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂၅) ဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးခင်မောင်အေး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနအသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် အရာထမ်း သင်တန်းသူ ၄၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

အငတ်ဘေးဆိုက်ရောက်မှုကြောင့် အာဟာရပြတ်လပ်မှုဒဏ် ခံစားနေရသော ဆိုမာလီယာကလေးတစ်ဦး ၎င်း၏မိခင်ထံ လက်ကမ်းနေသည်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။

# ဆိုမာလီယာ အငတ်ဘေးဆိုက်မှုပြဿနာအတွက် အရေးပေါ်အစည်းအဝေး ကုလသမဂ္ဂပြုလုပ်

ရောမ ဇူလိုင် ၂၅

**အာဖရိက ဦးချိုဒေသ အငတ်ဘေးဆိုက်ရောက်မှုပြဿနာကို ဖြေရှင်းရေးအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)နှင့် အလှူရှင်များ အရေးပေါ်ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် အငတ်ဘေးဆိုက်ဒုက္ခသည်များအား ကူညီနိုင်ရေး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ပေးအပ်သွားရန် ကမ္ဘာ့ဘဏ်က ကတိပြုခဲ့ကြောင်း ဇူလိုင် ၂၅ ရက် သတင်းများတွင် ဖော်ပြသည်။**

ကမ္ဘာ့ဘဏ်က ပေးအပ်မည့်ငွေကြေးများကို အီသီယိုးပီးယား၊ ကင်ညာ၊ ဂျီဘူတီနှင့် ဆိုမာလီနိုင်ငံတို့ရှိ စီမံကိန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

ဆိုမာလီနိုင်ငံ၌ ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်သည် ယင်းနိုင်ငံမှ အငတ်ဘေးဆိုက် ပြည်သူများအား ကူညီရေးကြိုးပမ်းမှုများကို ခက်ခဲရှုပ်ထွေးစေကြောင်း သတင်းများတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော ဆိုမာလီစစ်သွေးကြွအုပ်စုသည် ဆိုမာလီနိုင်ငံ၌ အငတ်ဘေးဆိုက်ရောက်ခြင်းမရှိကြောင်း ငြင်းဆန်ထားပြီး အနောက်နိုင်ငံများမှ အချို့သော အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့် အကူအညီလိုသူများအား ကူညီနိုင်ခြင်းမရှိစေရန် တားဆီးပိတ်ပင်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

အငတ်ဘေးနှင့် ရင်ဆိုင်နေရသော ဆိုမာလီနိုင်ငံသား ၂ ဒသမ ၂ သန်းတို့သည် လိုအပ်သောအကူအညီများ မရသေးဘဲ ဒုက္ခပင်လယ်ဝေနေဆဲဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ပြောကြားသည်။

နှစ် ၆၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်မှုဘေးနှင့်အတူ ထက်ကြပ်မကွာပါလာသော အာဖရိကဦးချိုဒေသ အငတ်ဘေးကို ဖြေရှင်းရန်အတွက် အီတလီနိုင်ငံ ရောမမြို့ အက်ဖ်အေအိုရုံးချုပ်၌ ကုလသမဂ္ဂ အရေးပေါ်အစည်းအဝေးအား ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့သည်။ **အင်တာနက်။**

# နေ၏ သက်တမ်းကုန်ဆုံးချိန်၌ ကြယ်တံခွန်တိမ်တိုက်ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များပြောကြား

**ကိန်းဘရစ် ဇူလိုင် ၂၅**

မိမိတို့ နေစကြဝဠာအဖွဲ့အစည်းအတွင်းမှ နေသည် သက်တမ်းရင့်ရော်၍ အဆုံးတစ်နေ့၌ ကြယ်သေတစ်စင်းအဖြစ် ပြောင်းလဲချိန်တွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ကာ ကြယ်တံခွန်အများအပြားကို အာကာသဟင်းလင်းပြင်အတွင်းသို့ လွင့်စဉ်ရောက်ရှိစေမည်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

နှစ်ပေါင်းသန်း ၅၀၀၀ မျှ ကြာမြင့်ချိန်တွင် နေ၏ အတွင်းအူတိုင်၌ လောင်ကျွမ်းမှုဖြစ်ပေါ်စေသည့် ဟိုက်ဒရိုဂျင်လောင်စာများကုန်ဆုံးကာ ကြယ်နီကြီးတစ်စင်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များအဆိုအရ သိရသည်။

နေမှ အသွင်ပြောင်းဖြစ်ပေါ်လာသော ကြယ်နီကြီးသည် ၎င်း၏ လေထုလွှာကို ဖြေလွှတ်လိုက်ပြီးနောက် မီးခဲနှင့် အလားသဏ္ဌာန်တူသည့် ကြယ်ဖြူပုတစ်စင်းအဖြစ် ကျန်ရစ်ခဲ့မည်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များ၏ လေ့လာချက်၌ ဖော်ပြထားသည်။

ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်များအရ နေတစ်စင်းသက်တမ်းကုန်ဆုံး၍ ပေါက်ကွဲမှုဖြစ်ပေါ်ချိန်၌ အော့သ်တိမ်တိုက် (Oort Cloud)ဟုခေါ်သည့် ဧရာမကြယ်တံခွန်အစုအဝေးတစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

နေအဖြစ်မှ ကြယ်သေတစ်စင်းအဖြစ်သို့ ကူးပြောင်းစဉ်ကာလအတွင်း ကမ္ဘာမြေအပါအဝင် နေအဖွဲ့အစည်းအတွင်းမှ ဂြိုဟ်များအပေါ် အကျိုးသက်ရောက်မှုရှိပြီး ယင်းဂြိုဟ်များ၌ လောင်ကျွမ်းမှုများ ဖြစ်ပေါ်လိမ့်မည်ဖြစ်ကြောင်း ယေဘုယျအားဖြင့် ယူဆထားကြသည်။

သို့ရာတွင် ယခုလေ့လာချက်သစ်အရ နေ၏ သက်တမ်းကုန်ဆုံးချိန်တွင် ကြယ်တံခွန်တိမ်တိုက်သာ ထွက်ပေါ်လာနိုင်ကြောင်းဆိုရာရောက်သည်။

နေသက်တမ်းကုန်ဆုံးချိန်၌ နေ၏ ဒြပ်ထုလျော့ကျ၍ ဆွဲငင်အားသည်လည်း လျော့ပါးလာမည်ဖြစ်ရာ ယင်းအပြောင်းအလဲများသည် နေကိုလှည့်ပတ်နေသော အာကာသဒြပ်ထုများ နေ၏ အပါးမှ သွေခွာသွားနိုင်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ **အင်တာနက်။**

# နျူကလီးယားကင်းရှင်းသောနိုင်ငံ တည်ဆောက်ရေး ဂျပန်ပြည်သူ ၇၀ ရာခိုင်နှုန်းက ထောက်ခံဟုဆို

တိုကျို ဇူလိုင် ၂၅

**အနာဂတ်ကာလတွင် ဂျပန်နိုင်ငံအား နျူကလီးယား ကင်းရှင်းသောနိုင်ငံအဖြစ် တည်ဆောက်ရန် ဝန်ကြီးချုပ် နာအိုတိုခန်၏ မူဝါဒကို ပြည်သူ ၇၀ ရာခိုင်နှုန်းက ထောက်ခံကြကြောင်း ဇူလိုင် ၂၄ ရက်က ထုတ်ပြန်သော လူထုသဘောထား စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။**

ဂျပန်နိုင်ငံ၌ အနာဂတ်ကာလတွင် နျူကလီးယားစွမ်းအင်သုံးစွဲမှုအဆုံးသတ်ရန် ဝန်ကြီးချုပ်ခန်၏ မူဝါဒကို ပြည်သူ ၇၀ ဒသမ ၃ ရာခိုင်နှုန်းက ထောက်ခံကြောင်း ကျိုဒို သတင်းအေဂျင်စီက ပြုလုပ်ခဲ့သည့်စစ်တမ်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံသည် အဏုမြူစွမ်းအင်အပေါ် မှီခိုအားထားနေရမှုကို တဖြည်းဖြည်းချင်း လျှော့ချသွားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အဆုံးစွန်သောရည်မှန်းချက်မှာ အနာဂတ်ကာလတွင် နျူကလီးယား ကင်းရှင်းသောနိုင်ငံအဖြစ် ရပ်တည်လာနိုင်ရန်ဖြစ်ကြောင်း ဝန်ကြီးချုပ်ခန်က ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် တတိယအကြီးမားဆုံး စီးပွားရေးအင်အားရှင်နိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်ခြင်းမရှိသော စွမ်းအင်အရင်းအမြစ်များကို တိုးတက်အသုံးပြုရန် လိုလားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ပြည်ပပို့ကုန်တင်ပို့မှု၌ ထိပ်တန်းနိုင်ငံအဖြစ်ရပ်တည်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြစ်ပေါ်မည်ဆိုပါက စီးပွားရေးအပေါ် ထိခိုက်နိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။

ဂျပန်နိုင်ငံသည် မတ် ၁၁ ရက်က မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကြောင့် ကမ္ဘာ့အဆိုးရွားဆုံး အဏုမြူပြဿနာကို မကြာမီက တွေ့ကြုံခံစားခဲ့ရသည်။ **အေအက်ဖ်ပီ။**

## ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ငလျင်လှုပ်

**တိုကျို ဇူလိုင် ၂၅**

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ဖူကူရှီးမားစီရင်စုနှင့် အနီးပတ်ဝန်းကျင်တွင် တနင်္လာနေ့ နံနက်စောစောပိုင်းက ရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိသည့် ငလျင်တစ်ခုလှုပ်သွားကြောင်း ဂျပန် မိုးလေဝသဌာနက ပြောကြားသည်။

ယင်းငလျင်သည် ဖူကူရှီးမား ကမ်းလွန်ပင်လယ်ကြမ်းပြင်အောက် ကီလိုမီတာ ၄၀ အနက်၌ ဗဟိုချက်ထား၍ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၅၁ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်သည်။

ငလျင်ဒဏ်ကြောင့် လူအသေအပျောက်နှင့် အဆောက်အအုံများ ပျက်စီးသည့်သတင်းကို ချက်ချင်းမရသကဲ့သို့ ဆူနာမီသတိပေးချက်လည်း ထုတ်ပြန်ခြင်းမရှိပေ။

ပျက်စီးသွားခဲ့သော ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ အမှတ် (၁)မှ ထူးခြားသတင်းများလည်း ချက်ချင်းမရရှိသေးဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ **ဆင်ဟွာ။**

# နော်ဝေ၌ အကြမ်းဖက်တိုက်ခိုက်ခဲ့သူကို ပထမဆုံးအကြိမ် ရုံးထုတ်ရန်စီစဉ်

**အော့စလို ဇူလိုင် ၂၅**

နော်ဝေနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သူအဖြစ် မသင်္ကာသူ အန်ဒါဘာရင်းဘရိုင်ဗစ်ခ် ဇူလိုင် ၂၅ ရက်တွင် ပထမဆုံးအကြိမ် ရုံးထုတ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းအား တရားဝင်စွဲချက်များတင်ရန် ရက်သတ္တပတ်အတန်ကြာမျှ ကြာမြင့်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နော်ဝေနိုင်ငံ မြို့တော်အော့စလိုနှင့် မြို့တော်အနီး၌ အကြမ်းဖက်တိုက်ခိုက်ခဲ့သူ ဘရိုင်ဗစ်ခ်ကို အော့စလိုမြို့လယ်ရှိ တရားရုံး သို့ ပထမဆုံးအကြိမ် ရုံးထုတ်မည်ဖြစ်သည်။

**ဖမ်းဆီးနိုင်ခဲ့**

ဘရိုင်ဗစ်ခ်သည် ဇူလိုင် ၂၂ ရက်က အော့စလိုမြို့၌ ဗုံးခွဲတိုက်ခိုက်ခဲ့ပြီး စခန်းချတွေ့ဆုံပွဲသို့ တက်ရောက်နေသော လူငယ်များအားသေနတ်ဖြင့် အရမ်းကာရောပစ်ခတ်ခဲ့ရာ ၉၃ ဦးထက်မနည်း သေဆုံးပြီး လူငယ် ၁၀၀ခန့် ဒဏ်ရာရရှိခဲ့သည်။ ၎င်းကို ဇူလိုင် ၂၂ ရက် ညနေပိုင်းတွင် ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

**ဆုံးဖြတ်ပေးဖွယ်**

ဘရိုင်ဗစ်ခ်အား ရုံးတင်စစ်ဆေးမှုကို ပြည်သူလူထု တက်ရောက်လေ့လာခွင့်ပေးရန် သင့်၊ မသင့် တရားသူကြီးက ပထမဆုံး ဆုံးဖြတ်ပေးဖွယ်ရှိသည်။ အကြမ်းဖက်သမားသည် မည်သည့် လှုံ့ဆော်မှုများအရ အကြမ်းဖက်မှုကျူးလွန်သည်ကို ယခုအချိန်အထိ မသိရသေးကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဘရိုင်ဗစ်ခ်သည် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ဝန်ခံပြောကြားခဲ့သည်။ **အင်တာနက်။**

ယူတိုးယားကျွန်း လူသတ်ပွဲမှ အသက်ရှင်ကျန်ရစ်သူများကို လိုက်လံရှာဖွေနေသော နော်ဝေကယ်ဆယ်ရေးအဖွဲ့ဝင်များ။

# ယူတိုးယားကျွန်းလူသတ်ပွဲ၌ ဒမ်ဒမ်အမည်ရှိ အထူးကျည်ဆန်များကို သေနတ်သမားသုံးစွဲခဲ့

ဟောင်းဖော့စ် ဇူလိုင် ၂၅

**နော်ဝေနိုင်ငံ အော့စလိုမြို့တော်အနီးရှိ ယူတိုးယားကျွန်းပေါ်မှ စခန်းချ လူငယ် ၈၀ ကျော်တို့အား သတ်ဖြတ်ခဲ့သော နော်ဝေသေနတ်သမားသည် ဒမ်ဒမ် (Dum-Dum) အမည်ရှိ အထူးကျည်ဆန်များကို အသုံးပြုခဲ့ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။**

ဒမ်ဒမ်ကျည်ဆန်များသည် ကိုယ်ခန္ဓာအတွင်း ဝင်ရောက်သွားပါက အပိုင်းပိုင်းအစစလွင့်စဉ်ပေါက်ကွဲ၍ အတွင်းအင်္ဂါအစိတ်အပိုင်းများ ပျက်စီးစေရန် ပုံစံဆွဲထုတ်လုပ်ထားသော ကျည်ဆန်များဖြစ်ကြောင်း ယူတိုးယားကျွန်းလူသတ်ပွဲ၌ ဒဏ်ရာရခဲ့သူများအား ကုသပေးနေသော ခွဲစိတ်ဆရာဝန်များက ပြောကြားခဲ့သည်။

ဒဏ်ရာရခဲ့သူများ၏ ကိုယ်ခန္ဓာတွင်း၌ ကျည်ဆန်၏ အစိတ်အပိုင်းငယ်များကိုသာ တွေ့ရှိခဲ့ရပြီး ကျည်ထွက်ဒဏ်ရာဝများမှာ သေးငယ်ကြောင်း အော့စလိုမြို့အနောက်မြောက်ဘက်ရှိ ဟောင်းဖော့စ်ဆေးရုံ ခွဲစိတ်ကုဌာနအကြီးအကဲ ဒေါက်တာကောလင်းပိုးလ်က ပြောကြားသည်။

ဒမ်ဒမ်ကျည်ဆန်များသည် အလေးချိန်အားဖြင့် ပေါ့ပါးပြီး အကွာအဝေးအမျိုးမျိုးမှ ထိရောက်စွာပစ်ခတ်နိုင်သော ကျည်ဆန်များဖြစ်ကြောင်း ကျည်ဆန်ရေးရာကျွမ်းကျင်သူတို့က ဆိုသည်။ ယင်းသို့သော ကျည်အမျိုးအစားများကို စစ်ဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့် တိရစ္ဆာန်ငယ်များအား အမဲလိုက်သူတို့က သုံးစွဲလေ့ရှိသည်။

ဒမ်ဒမ်ကျည်ဆန် ထိမှန်ခံရသူတို့၏ ကိုယ်ခန္ဓာအတွင်း၌ ပင်အပ်အများအပြားထိုးစိုက်ခံရသကဲ့သို့ ဒဏ်ရာများဖြစ်နေခြင်းကြောင့် ကုသရသည်မှာ အင်မတန်လက်ဝင်လှကြောင်း ဒေါက်တာကောလင်းပိုးလ်က ပြောကြားသည်။

ယင်းကျည်ဆန်များကို အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့အနီးရှိ ဒမ်ဒမ်အမည်ရှိ လက်နက်တိုက်၌ ဗြိတိသျှတပ်များက နမူနာစမ်းသပ်ထုတ်လုပ်ခဲ့ရာမှ အစပြု၍ ဒမ်ဒမ်ကျည်ဆန်ဟူ၍ ထင်ရှားခဲ့သည်။ **အင်တာနက်။**

# သေနိုင်ပါရိုးလား အံ့ဖွယ်တောင်အာဖရိကသား

ဂျိုဟန်နက်စဘတ် ဇူလိုင် ၂၅

***သေဆုံးခဲ့ပြီထင်၍ ရေခဲတိုက်အတွင်း ထည့်သွင်းခံခဲ့ရသော အသက် (၅၀)အရွယ် တောင်အာဖရိကနိုင်ငံသားတစ်ဦးသည် ဇူလိုင် ၂၄ ရက်က ပြန်လည်သတိလည်လာခဲ့ပြီး ကယ်ပါယူပါ တစာစာအော်ဟစ်ခဲ့ရာ ရေခဲတိုက်စောင့်ဝန်ထမ်းများက တစ္ဆေခြောက်သည်မှတ်၍ ကြောက်လန့်တကြားထွက်ပြေးခဲ့ရကြောင်း ဒေသန္တရသတင်းမီဒီယာများတွင် ဖော်ပြသည်။***

***အဆိုပါ အမျိုးသားသည် ရင်ကျပ်ရောဂါသည်တစ်ဦးဖြစ်ပြီး နေအိမ်တွင် အိပ်စက်နေစဉ် သတိလစ်မေ့မျောသွားခဲ့ရာ ၎င်း၏မိသားစုများက သေဆုံးခဲ့ပြီအထင်ဖြင့် ရေခဲတိုက်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။***

***ယင်းအမျိုးသားသည် ရေခဲတိုက်အတွင်း ၂၄ နာရီမျှနေခဲ့ရပြီး ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီခန့်တွင် ပြန်လည်သတိဝင်လာခဲ့ကာ အပြင်သို့ထုတ်ပေးရန် အော်ဟစ်အကူအညီတောင်းခဲ့ရာ ရေခဲတိုက်ဝန်ထမ်းများက တစ္ဆေခြောက်သည်ဟု ယူဆ၍ ကြောက်လန့်တကြား ထွက်ပြေးခဲ့ကြခြင်းဖြစ်သည်။***

***သို့ရာတွင် နောက်ပိုင်း၌ ရေခဲတိုက်ဝန်ထမ်းများသည် ၎င်းအမျိုးသားမှာ သက်ရှိထင်ရှားရှိဆဲ လူတစ်ဦးဖြစ်မှန်းသိရှိခဲ့၍ ဒေသန္တရဆေးရုံတစ်ရုံသို့ တင်ပို့ပေးခဲ့ရကြောင်း သိရသည်။ ယင်းအမျိုးသား၏အမည်ကို သတင်းဌာနက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ အဆိုပါ ဆန်းကြယ်သော အဖြစ်အပျက်သည် တောင်အာဖရိကနိုင်ငံ အရှေ့ ကိပ်ပြည်နယ် လီဘိုဒေးမြို့ ရေခဲတိုက်တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။***

အင်တာနက်။

# ဆက်သွယ်ရေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အကျိုးရှိရှိရယူသုံးစွဲနိုင်ရန် စာတွေ့လက်တွေ့သင်ကြား

### အမှာစကားပြောကြား

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း Database Management Course နှင့် E-Mail and Internet Course သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၂၅**

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်စွာဆောင်ရွက်နိုင်စေရန်နှင့် တည်ဆောက်ပြီးဖြစ်သည့် e-Government အခြေခံအဆောက်အအုံကို ထိထိရောက်ရောက် အသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး ဤသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသည့် Database Management Course နှင့် E-Mail and Internet Course သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက မှာကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်လွင်၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဌာနကြီးမှူးများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

### စာတွေ့လက်တွေ့သင်ကြား

Database Management Course သင်တန်း၌ ရုံးလုပ်ငန်းများအတွက် Data အချက်အလက်များကို Server ဖြင့် သိမ်းဆည်းခြင်း၊ အဆက်အစပ်ရှိအောင် ချိတ်ဆက်ခြင်း၊ အခြေခံသဘောတရားနှင့် အလုပ်လုပ်ဆောင်ပုံနှင့် စနစ်တစ်ခုဖန်တီးပုံတို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ E-mail and Internet Course သင်တန်းတွင် E-mail နှင့်ပတ်သက်ပြီး E-mail ဆက်သွယ်ရေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အကျိုးရှိရှိ ရယူသုံးစွဲနိုင်စေရန်၊ မိမိရေးဆွဲထားသည့် Web Page များကို Internet ပေါ်သို့ အချိန်နှင့် တစ်ပြေးညီ ရောက်ရှိစေရန် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

ယနေ့ဖွင့်လှစ်သော သင်တန်းများသို့ ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၇၈ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်သစ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိ မဖြစ်မနေစိစစ်ဆောင်ရွက်ရသည့်ကိစ္စများရှိ၍ ပြည်သူများက နားလည်ပေးရန်လို

**နေပြည်တော် ဇူလိုင် ၂၅**

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၃ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ အမှတ်(၅)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာခန်းမ၌ လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ပြည်ခရိုင် ပြည်မြို့ ရွာဘဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး စိစစ်ဆောင်ရွက်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။**

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာ၌ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို စနစ်သစ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုနှင့် လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်မြို့ရှိ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပြည်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စနစ်သစ်အတိုင်းအရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချို့ကိစ္စများတွင် မဖြစ်မနေ စိစစ်ဆောင်ရွက်ရသည်များရှိ၍ ပြည်သူများက နားလည်ပေးကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ပြည်နှင့် သာယာဝတီခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဝန်ထမ်းများအား ထပ်မံတွေ့ဆုံမှာကြားသည်။

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်က လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။ (သတင်းစဉ်)

# ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသခန်း ပြုပြင်ခြင်းနှင့် ဆေးရုံသုံးပစ္စည်း လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်က အရေးပေါ်လူနာကုသခန်း ပြုပြင်မွမ်းမံခြင်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီတွင် အဆိုပါခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဆရာဝန်များနှင့်သူနာပြုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် Chief Operating Officer (COO) Mr. CJ Kang က ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးအတွက် အရေးပေါ်လူနာခန်း ပြုပြင်မွမ်းမံခြင်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၅၈၀ ခန့် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာ ၁၃ မျိုးကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်ထံ လွှဲပြောင်းပေးအပ် လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်ထံ ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်က ထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

### ဂုဏ်ပြုလွှာပေးအပ်

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် Chief Operating Officer (COO) Mr.CJ Kang အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

(သတင်းစဉ်)

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မင်းဘူးခရိုင်အတွင်းရှိ ရေလှောင်တမံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ငဖဲမြို့နယ်အနီးရှိ မန်းချောင်းရေလှောင်တမံ၌ တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြွခိုင်ကောင်းမွန်မှု၊ ရေထိန်းမျှော်စင်၊ ရေပိုလွှဲနှင့် ရေပေးမြောင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသော ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၄၆၃၀၀၀၊ စိုက်ပျိုးမြေ ၉၆၇၇၇ ဧကအတွက် အကျိုးပြုစေမည့်အပြင် ရေအားလျှပ်စစ် တပ်ဆင်အား ၇၄ မဂ္ဂါဝပ်၊ နှစ်စဉ်ရေအားလျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီ သန်းပေါင်း ၃၇၀ ထုတ်လုပ်နိုင်မည့် ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း၌ တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြွခိုင်ကောင်းမွန်မှုနှင့် ရေပိုလွှဲများကိုလည်းကောင်း၊ ပုသိမ်-မုံရွာလမ်းတစ်လျှောက် လမ်း၊ တံတားများအခြေအနေနှင့် ပွင့်ဖြူမြို့နယ်အတွင်း မုန်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် မဲဇလီကြိုးတံတား ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကိုလည်းကောင်း၊ မဲဇလီရေလွှဲဆည်၌ ရေထိန်းတံခါးများ ကြံ့ခိုင်ကောင်းမွန်မှု၊ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ မိုးစပါးစိုက်ပျိုးရေ ပေးဝေနေမှု၊ ရေပေးမြောင်းများ ရေစီးရေလာကောင်းမွန်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရေရရှိရေးနည်းလမ်းများအလိုက် မင်းဘူးခရိုင်အတွင်း မိုးစပါးဧက ၂၅၀၄၄၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း မိုးစပါး စုစုပေါင်း ၉၃၇၃၂၇ ဧက အပြည့်အဝစိုက်ပျိုးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ အာဆီယံအစည်းအဝေးများ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ် အမ်၊ မာတီ အမ်၊ နာတာလီဂါဝါ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့တွင် ဇူလိုင် ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် (၄၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများနှင့် (၁၈)ကြိမ်မြောက် အာဆီယံဒေသတွင်းဖိုရမ်တို့သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် (၄၄)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်နှင့် မျက်နှာစုံညီအစည်းအဝေး၊ အရှေ့တောင်အာရှ ဗျူကလီးယား လက်နက်ကင်းမဲ့ဇုန် စာချုပ်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၊ အာဆီယံ + ၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများ၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်နှင့် မျက်နှာစုံညီဆွေးနွေးပွဲ၊ မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံဒေသတွင်းဖိုရမ်သီးသန့်နှင့် မျက်နှာစုံညီ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးများတွင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ အာဆီယံ အသိုက်အဝန်း ထူထောင်ရေးနှင့် အာဆီယံပဋိညာဉ်စာတမ်း အကောင်အထည်ဖော်မှုများ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအပေါ် သုံးသပ်မှုနှင့် အနာဂတ်ဦးတည်ချက်များ၊ (၁၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပရေးကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ အာဆီယံ၏ မူဝါဒများအပေါ် မြန်မာနိုင်ငံ၏ ခိုင်မာသည့် သန္နိဋ္ဌာန်ကိုအခြေခံလျက် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ၏ ဆန္ဒရှိမှုနှင့် အသင့်ဖြစ်မှုကို အာဆီယံ ခေါင်းဆောင်များထံ ထောက်ခံတင်ပြရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အပြုသဘော စဉ်းစားခဲ့ကြသည်။

တောင်တရုတ်ပင်လယ် ကိစ္စနှင့်ပတ်သက်၍ အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်များကို အတည်ပြုချမှတ်နိုင်ခဲ့သည်။ အရှေ့တောင်အာရှ ဗျူကလီးယားလက်နက် ကင်းမဲ့ဇုန်စာချုပ်နှင့်စပ်လျဉ်း၍ အာဆီယံဘက်မှ ဗျူကလီးယား လက်နက်နိုင်ငံများနှင့် တိုက်ရိုက်ဆက်သွယ် ဆွေးနွေးရာတွင် ထားရှိရမည့် ရပ်တည်ချက်ကိုလည်း သဘောတူညီခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ရုရှား ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ယင်းအစည်းအဝေးမှ အာဆီယံ-ရုရှား ဆွေးနွေးဖက် ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ် အရှေ့တောင်အာရှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့၏ ပူးတွဲထုတ်ပြန်ချက်ကိုလည်း သဘောတူခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၀ ရက်တွင် စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကေ၊ ရှန်မူဂမ်နှင့် အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့ဒ်ကင်းဘဲလ်တို့နှင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရန်ကျဲချီနှင့် ဇူလိုင် ၂၂ ရက်တွင် ကနေဒါ နိုင်ငံခြားရေးနှင့် နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး မစ္စတာ ဂျွန်ဘယ့်ဒ်နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

◆**ကျောဖုံးမှ**

ကျေနပ်အားရမှုရှိကြပါသည်။ ပြည်သူလူထု ကိုယ်စိတ်နှစ်ပါးချမ်းသာစေရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးရာတွင် တရားဥပဒေစိုးမိုးရေးကိစ္စ၊ စိတ်ဝမ်းကွဲပြားမှု ပပျောက်ရေးကိစ္စနှင့် အများပြည်သူအကျိုးဖြစ်ထွန်းစေမှု ကိစ္စတို့လည်း အပါအဝင်ဖြစ်သည်။

သင့်လျော်သောရက်တွင် ထပ်မံတွေ့ဆုံဆွေးနွေးရန်ကိုလည်း သဘောတူညီခဲ့ကြသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မော်လ်ဒိုက်ဗ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာမက် နာဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲအပြီး သတင်းထောက်များ၏ မေးမြန်းချက်များအား ဖြေကြား

နေပြည်တော် ဇူလိုင် ၂၅

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာအစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာ တွေ့ဆုံပွဲအပြီးတွင် သတင်းထောက်များ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။**

**အဆိုပါအမေးအဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်-**

**မေး - ဦးအောင်လှထွန်း(ရိုက်တာသတင်းဌာန)**

ဝန်ကြီးနဲ့ ဒေါ်စုနဲ့ အရင်အစိုးရလက်ထက်က (၁၀)ကြိမ်လောက်တွေ့ခဲ့ပြီးဖြစ်ပါတယ်။ ဘာမှ Tangible Result ထွက်မလာခဲ့ပါဘူး။ ဒီတစ်ခါ ဝန်ကြီးကိုယ်စားပြုတာက အစိုးရအဖွဲ့အသစ်လို့ ကျွန်တော်နားလည်ထားပါတယ်။ အဲဒီတော့ ဆွေးနွေးတဲ့အကြောင်းအရာကလည်းပဲ ဟိုဘက်ကယူလာတဲ့ message နဲ့ ကွာဟမှု၊ ပြောင်းလဲမှုများ ရှိပါသလား။ ကိုယ်စားပြုတဲ့ အဖွဲ့အစည်းကတော့ ပြောင်းလဲသွားခဲ့ပါပြီ။

**ဖြေ - ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

Tangible Result မထွက်ဘူးလို့ ကျွန်တော်တို့မပြောနိုင်ပါဘူး။ ယခင် ကျွန်တော်တို့ (၉)ကြိမ်တွေ့ဆုံခဲ့တာရှိပါတယ်။ အဲဒီမှာ အထိုက်အလျောက် အကျိုးကျေးဇူးဖြစ်ထွန်းမှုရှိပါတယ်။ အခုတွေ့ဆုံမှုကတော့ အဲဒီရလဒ်များထက် ပိုမိုကောင်းမွန်တဲ့ ရလဒ်ဖြစ်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

**မေး - ဒေါ်အေးအေးဝင်း(အေပီသတင်းဌာန)**

ဝန်ကြီးရှင့်၊ ဒီနေ့တွေ့ဆုံပွဲဟာ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အတွက် နောင်ဆက်လက်ပြီးတော့ Series Meeting ဆက်လာမယ်လို့ ပြောလို့ရတယ်ပေါ့နော်။ အဲဒီတော့ ဒီတွေ့ဆုံပွဲဟာ National Reconciliation အတွက် ခြေလှမ်းသစ်တစ်ရပ်လှမ်းတာလို့ရော ခေါ်ဆိုလို့ရပါသလား။

**ဖြေ - ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

ကျွန်တော်တို့ ဒီတွေ့ဆုံမှုတွေကိုတော့ ဆက်လက်ပြီးတော့ လုပ်ဆောင်သွားဖို့ ခုနက ဒီထဲမှာပါတဲ့အတိုင်းပဲ ကျွန်တော်တို့ သဘောတူထားပြီးဖြစ်ပါတယ်။ ဒီဥစ္စာက ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေ၊ ရှေ့လျှောက်လုပ်သွားစရာကိစ္စတွေအများကြီးရဲ့ အစခြေလှမ်းတစ်ခုလို့ ပြောမယ်ဆိုရင်တော့ ပြောနိုင်ပါတယ်။

**မေး - ဦးသီဟစော (မြန်မာ့ခနစီးပွားရေးမဂ္ဂဇင်းနှင့် Open News ဂျာနယ် အယ်ဒီတာချုပ်)**

အန်တီစု၊ ဒါက New cabinet နဲ့ အန်တီစုရဲ့ Dialogue Conference အစလို့ ပြောမယ်ဆိုရင် အန်တီ့ဘက်က ဘာတွေကို မျှော်လင့်ထားပါသလဲ၊ ဘာတွေရလဒ်ရမယ်လို့ ယူဆပါသလဲ။

**ဖြေ - ဒေါ်အောင်ဆန်းစုကြည်**

ကျွန်မတို့ကတော့ တိုင်းပြည်အတွက် အကျိုးဖြစ်စေမယ့် ရလဒ်တွေပဲ မျှော်လင့်ပါတယ်။ ဘာပဲလုပ်လုပ်ပေါ့နော်၊ ဘာစကားပဲပြောပြော၊ဘယ်သူနဲ့ပဲတွေ့တွေ့ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံနှင့် တိုင်းပြည်အတွက် ပြည်သူပြည်သားများကို အကျိုးပြုဖို့ပါပဲ။ အဲဒါကိုပဲ ကျွန်မတို့မျှော်လင့်ပါတယ်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဇူလိုင် ၁၂ ရက်တွင် ဦးအုန်းလွင်အပါအဝင် ပုဂ္ဂိုလ် ၁၆ ဦးက ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace)ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားသည်။

(သတင်းစဉ်)

# KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ကရင်ပြည်နယ် ဝေါလေမြို့နယ်ခွဲ အမှတ်(၄) ရပ်ကွက်နေ ကရင်လူမျိုး ဦးတင်လှိုင် (၃၀)နှစ်သည် ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီခန့်တွင် မြို့၏ တောင်ဘက်နှစ်မိုင်ခန့်အကွာရှိ အင်တောတစ်ဝိုက်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဘယ်ခြေချင်းဝတ်မှ ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက ဝေါလေမြို့နယ်ခွဲ ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

# ဆင်ပေါင်ဝဲစည်ပင် အခွန်လွတ်ဈေးဖွင့်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၅**

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇွန် ၂၈ ရက်က ဆင်ပေါင်ဝဲမြို့ အမှတ်(၂) ရပ်ကွက် သမစိတ္တလမ်းနှင့် အမှတ်(၃) လမ်းဆုံနေရာတွင် အခွန်လွတ်ဈေး ဖွင့်လှစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးနိုင်တို့က ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆-၇-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၀ | ၈။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၂၅ | ၉။ | အဆိုပြိုင်ပွဲ |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အကပြိုင်ပွဲ |
| ၄း၂၅ | ၃။ | "တက္ကစီမိတာသင်လိုရာ" |
| ၄း၄၀ | ၄။ | တေးဂီတအစီအစဉ် |
| ၄း၅၅ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ) |
| ၅း၀၅ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၇။ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၅း၂၅ | ၈။ | "မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားခြင်းအကြောင်း သိကောင်းစရာ" |
| ၅း၄၅ | ၉။ | ရင်မှာစွဲထင်တေးအလှသံစဉ် |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၅၀ | ၁၃။ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၁၂)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | ရယ်စရာဟာသများ |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၈)** |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများ ရေရှည်ရှင်သန်ထွန်းကားစေရန် အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၅**

ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန်အတွက် အဓိကကျသည့် ငွေကြေးအရင်းအနှီးများ မတည်ထူထောင်ပေးမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများ၏ မှန်ကန်ခိုင်မာမှု၊ ထင်သာမြင်သာရှိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံနိုင်မှုစသည့် အရည်အသွေးများ ပြည့်စုံစေရန် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီက ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသေးစား ငွေကြေးလုပ်ငန်းများ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အကောင်အထည်ဖော်နိုင်ရန် အလေးထားပြီး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အသေးစား ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၏ (၂/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အခြားကော်မတီဝင်များ တက်ရောက်ကြသည်။

ထို့နောက် အထောက်အကူပြု ကော်မတီဝင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များက အသေးစားငွေရေးကြေးရေးလုပ်ငန်းများ၏ လက်ရှိအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်ဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ကော်မတီ အတွင်းရေးမှူး မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း လုပ်ကိုင်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းများဆိုင်ရာ ညွှန်ကြားချက်များကို အခြေခံပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများ ရေရှည်ရှင်သန်ထွန်းကားစေရန်အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်း၊ ပညာဖြန့်ဖြူးပေးခြင်း လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၏ (၂/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# ရွှေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှု အမှတ်(၁/၂၀၁၁)ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၁/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရှာသွန်းပါလေ မုတ်သုံဆွေ

❑ **မုတ်သုံမိုးစွေ၊ လယ်ယာမြေဝယ်**
**ဆည်ရေပြည့်လျှံ၊ ရေလှောင်ကန်နှင့်**
**တမံရေထိန်း၊ အောင်ရေကိန်းသော်**
**စိမ်းလန်းမြရောင်၊ စပါးအောင်လိမ့်**
**ပေါင်စနစ်သုံး၊ မျိုးသန့်သုံးသော်**
**ထွက်နှုန်းဆပွား၊ ကောက်ပင်ထွားလိမ့်**
**ကြီးပွားချမ်းသာ၊ မြှင့်တင်ရာသည့်**
**"ပြည်ရွာတိုးတက်၊ ရွှေမိုးစက်" ဟု**
**စာထက်မော်ကွန်း၊ ဖွဲ့ရည်ညွှန်းသည်**
**ရှာသွန်းပါလေ၊ မုတ်သုံဆွေ။**

❑ **ထုတ်ကုန်တိုးစေ၊ ငါတို့မြေဝယ်**
**ရွှေရောင်မှည့်ဝင်း၊ စပါးခင်းတို့**
**ဖြန့်ကျင်းထည်ဝါ၊ ပြည့်ဘဏ္ဍာတည့်**
**ကမ္ဘာအနှံ့၊ ဈေးကွက်ပျံ့အောင်**
**ခံ့ညားပေါ်လွင်၊ ရောင်းတမ်းဝင်သော်**
**လန်းရွှင်ပြည့်ဖြိုး၊ ဝင်ငွေတိုးလိမ့်**
**မိုးနှင့်အတူ၊ မြေချစ်သူတို့**
**စိုက်ထူအောင်လံ၊ လုံ့လသန်သော်**
**ဆန်စပါးခေတ်၊ မုတ်တိုင်သစ်ကို**
**ဖွင့်လှစ်ဖော်ညွှန်း၊ တည်စေထွန်းအောင်**
**ရှာသွန်းပါလေ၊ မုတ်သုံဆွေ။ ။**

စလင်းဘုန်းကျော်

# ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ မွေးမြူပြသထားသော တောင်အာဖရိက ဆိတ်သမင်များမှ ဆိတ်သမင်ငယ်နှစ်ကောင် ပေါက်ဖွား

နေပြည်တော် ဇူလိုင် ၂၅

**ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ မွေးမြူပြသထားသော တောင်အာဖရိက ဆိတ်သမင် (Barbary Sheep) များအနက်မှ ဆိတ်သမင်အမ နှစ်ကောင်သည် ဇူလိုင် ၁၅ ရက်နှင့် ဇူလိုင် ၁၉ ရက်တို့ တွင် ဆိတ်သမင် အထီးတစ်ကောင်နှင့် အမ တစ်ကောင်တို့ အသီးသီး ပေါက်ဖွားခဲ့ကြောင်း သတင်းရရှိသည်။**

အဆိုပါ ဆိတ်သမင်များအား ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပခဲ့သည့် ဆာဖာရီဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲအမီ တောင်အာဖရိကနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့ရာ အထီး သုံးကောင်၊ အမ သုံးကောင် တို့ဖြစ်ပြီး ဇူလိုင် ၁၅ ရက်တွင် ပေါက်ဖွားသည့် ဆိတ်သမင် အမမှာ သားပေါက်ငယ်အား ကောင်းမွန်စွာ နို့တိုက်ပြုစုလျက်ရှိသော်လည်း ဇူလိုင် ၁၉ ရက်တွင် ပေါက်ဖွားခဲ့သော ဆိတ်သမင်အမမှာ သားပေါက်ငယ်အား တစ်ရက်သာနို့တိုက်ပြီး နောက်ပိုင်း ဆက်မတိုက်တော့သဖြင့် တာဝန်ကျ တိရစ္ဆာန်ထိန်းက ဆိတ်နို့တိုက်ပြုစု မွေးမြူလျက်ရှိကြောင်း၊ ဆိတ်သမင် မိခင်နှင့် သားပေါက်ငယ်များအားလုံး ကျန်းမာလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ဆိတ်သမင်များမှာ အာဖရိကတိုက် နေရင်းတိရစ္ဆာန်များ ဖြစ်ပြီး ရှားပါးမျိုးနွယ်စုများတွင် ပါဝင်သော တိရစ္ဆာန်များဖြစ်သဖြင့် ဆာဖာရီဥယျာဉ် (နေပြည်တော်)မှ တာဝန်ရှိသူများက အထူးဂရုပြု စောင့်ရှောက်လျက်ရှိသည်။ (သတင်းစဉ်)

**ဆာဖာရီဥယျာဉ်(နေပြည်တော်)၌ မွေးမြူပြသထားသော တောင်အာဖရိက ဆိတ်သမင်များအနက်မှ ပေါက်ဖွားသော ဆိတ်သမင်ငယ် တစ်ကောင်ကို တာဝန်ကျတိရစ္ဆာန်ထိန်းက ဆိတ်နို့တိုက် ပြုစုမွေးမြူလျက်ရှိသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)

# မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၂၅

| စဉ် | တိုင်းဒေသကြီးနှင့်ပြည်နယ် | အပူချိန်(စင်တီဂရိတ်) | | မနက်ဖြန်အတွက် | |
|---|---|---|---|---|---|
| | | အမြင့်ဆုံး | အနိမ့်ဆုံး | ခန့်မှန်းချက် | ရွာရန်ရာနှုန်း |
| ၁ | ကချင်ပြည်နယ် | ၃၄ | ၂၆ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၂ | ကယားပြည်နယ် | ၂၆ | ၂၀ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၃ | ကရင်ပြည်နယ် | ၃၂ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၄ | ချင်းပြည်နယ် | ၂၂ | ၁၄ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း) | ၃၃ | ၂၃ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း) | ၃၆ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၃၁ | ၂၃ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၉ | ၂၃ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၃ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၂ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၁ | မွန်ပြည်နယ် | ၃၀ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၂ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၃ | ရခိုင်ပြည်နယ် | ၃၀ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၂၄ | ၁၉ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၂၈ | ၂၁ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၉ | ၂၂ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ၃၀ | ၂၄ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၈ | နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၄ | မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ | ၈၀% |
| ၁၉ | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၄ | မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ | ၈၀% |
| ၂၀ | မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၆ | နေရာကွက်ကျားမိုးထစ်ချုန်းရွာ | ၈၀% |

| | |
|---|---|
| **ယနေ့နံနက် ၉ နာရီခွဲ အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်** | လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် ၆ ဒသမ ၃၀ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ထီးလင်းမြို့တွင် ၁ ဒသမ ၄၅ လက်မနှင့် ပူတာအိုမြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။ |
| **ဘင်္ဂလားပင်လယ်အော်အခြေအနေ** | ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ |
| **မြန်မာ့ပင်လယ်ပြင်အခြေအနေ** | လှိုင်းအသင့်အတင့် ရှိမည်။ |
| **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** | မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ |

# မြစ်ရေကြီးမှုအခြေအနေ

**ချင်းတွင်းမြစ်ရေ**သည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၃၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၉ စင်တီမီတာ (၁. ၃ ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံလွင်မြစ်ရေ**သည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၃၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၅ စင်တီမီတာ(၃ ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်ရေ**သည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၀၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာ(၁. ၁ ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေ**သည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ (၁ ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

# နိုင်ငံသားမှတ်ပုံတင်ကတ် လွယ်ကူစွာရရှိရေး ဆောင်ရွက်ပေး

**မြို့သစ် ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်ဌေးမြင့်နှင့် ဝန်ထမ်းများသည် ဘုရားကြီးရပ်ကွက်ရှိ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားမှတ်ပုံတင်ကတ် လက်ဝယ်မရှိသူများအား သတ်မှတ်အခကြေးငွေနှင့် လွယ်ကူလျင်မြန်စွာရရှိရေးအတွက် ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မြို့နယ်နိုင်ငံသား စိစစ်ရေးကော်မတီအဖွဲ့ဝင်များက လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

# လောင်းကစားမှုပပျောက်ရေး ပညာပေးဟောပြောပွဲ ဟိုပန်မြို့၌ကျင်းပ

**ဟိုပန် ဇူလိုင် ၂၅**

ကွမ်းလုံခရိုင် ဟိုပန်မြို့၌ လောင်းကစားမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ဥပဒေရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမိုးညီထွတ်နှင့် မြို့နယ်ပညာရေးမှူး ဦးမောင်မောင်တို့က လောင်းကစားမှုပပျောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောကြကြောင်းနှင့် အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လောင်းကစားမှုပပျောက်ရေး ကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ (၅၇၅)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ
ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု သွားရောက်လေ့လာမည့် ကိုယ်စားလှယ်အဖွဲ့ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၅

**၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပမည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးအတွက် အင်ဒိုနီးရှားနိုင်ငံ ပြိုင်ပွဲကျင်းပရေးကော်မတီ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်လေ့လာမည့် ကိုယ်စားလှယ်အဖွဲ့များ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ** (ယာပုံ) **(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အဆိုပါ အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ I.T နည်းပညာကုမ္ပဏီများနှင့် A. C. E ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံများ၊ အထူးဖိတ်ကြားထားသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးဦးအေးမြင့်ကြူက (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်နေမှုများကို မိမိတို့ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီအလိုက် ကြိုတင်လေ့လာရေး ကိုယ်စားလှယ်များ သွားရောက်ရမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က အင်ဒိုနီးရှားနိုင်ငံ ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ I.Tနည်းပညာကုမ္ပဏီများနှင့် A. C. E ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံများက သက်ဆိုင်ရာ လုပ်ငန်းအလိုက် သွားရောက်လေ့လာမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက နိဂုံးချုပ် ရှင်းလင်းဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာန အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၂၆ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ အမှတ်(၂) စက်မှု ဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များတွင် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။** (သတင်းစဉ်)

## ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၂၁)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကိုယ်စား ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သူရဘိုနီ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် အကောင်းဆုံး(ခုံ)ဆုရ တပ်ဖွဲ့ဝင်များအား အမှတ်(၃) ဒေသမှူး ရဲမှူးကြီးမြဝင်းနှင့် စည်ပင်သာယာ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်တို့က လည်းကောင်း၊ အသင်းလိုက် တတိယဆုရ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ပူးတွဲ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ကယားပြည်နယ်ရဲတပ်ဖွဲ့၊ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ဒိုင်အဖွဲ့ ဂုဏ်ပြုဆုတို့အား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သူရဘိုနီက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၂၁) ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**

(ကြေးမုံ)

## မြန်မာစီနီယာပီဂျီအေ လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာစီနီယာပီဂျီအေတို့ ပူးပေါင်းကျင်းပမည့် မြန်မာစီနီယာပီဂျီအေ ပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲများကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ လည်းကောင်း၊ ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ လည်းကောင်း ကျင်းပ မည်ဖြစ်သည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အပျော်တမ်းအဆင့် (H'Cap 0-14) ရှိ အမျိုးသားအားလုံးသည် ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် (၅၀) ပြည့်ပြီးသူများသာ ဖြစ်ရမည်။ လက်ရည်စစ်ပွဲအောင်မြင်သူများသည် မြန်မာစီနီယာပီဂျီအေပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

မန္တလေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၈ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ရန်ကုန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း - ၀၉-၅၁၇၇၉၅၆၊ ၀၉ -၂၀၃၇၆၇၁၊ ၀၁-၆၅၁၃၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ဂေါက်ကွင်းတို့၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

အားကစားဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၄၃) ကြိမ်မြောက်တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်။

၎င်းပြိုင်ပွဲအသီးသီး၌ အမျိုးသားပြိုင်ပွဲကို ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၇ ကီလိုတန်း၊ ၈၅ ကီလိုတန်းနှင့် ၈၅ ကီလိုအထက်ပြိုင်ပွဲများကို လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၆၃ ကီလိုတန်းနှင့် ၆၃ ကီလိုအထက်ပြိုင်ပွဲများကိုလည်းကောင်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသော ဒုတိယတန်းအဆင့်နှင့် တတိယတန်းအဆင့်ရှိ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အမျိုးသားတံခွန်စိုက်ပြိုင်ပွဲသို့ ပထမတန်းအဆင့်ရှိ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်မည့်အမည်စာရင်းကို ဩဂုတ် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်သို့ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း- ၀၁-၃၈၈၁၆၀ သို့ စုံစမ်းမေးမြန်းနိုင်သည်။ (ကြေးမုံ)

## ကိုပါအမေရိကဖလားပြိုင်ပွဲ ဥရုဂွေးအသင်းဗိုလ်စွဲ (၁၅)ကြိမ်မြောက် ကိုပါအမေရိကချန်ပီယံအဖြစ် စံချိန်သစ်ရေးထိုး

ဗျူနိုအေးရိစ် ဇူလိုင် ၂၅

**လက်တင်အမေရိကအသင်းများသာ ယှဉ်ပြိုင်သည့် ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ဥရုဂွေးအသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး သမိုင်းတစ်လျှောက် (၁၅)ကြိမ်မြောက် ကိုပါအမေရိကချန်ပီယံအဖြစ် စံချိန်သစ်ရေးထိုးနိုင်ခဲ့သည်။**

### ဂိုးသွင်းယူ

ဥရုဂွေးအသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယခုပွဲသည် နောက်ဆုံးဗိုလ်လုပွဲဖြစ်သည်နှင့် အညီ ပြိုင်ဆိုင်မှု ပြင်းထန်လှသည်။ ဥရုဂွေးအသင်းသည် ပါရာဂွေးအသင်းပေါ် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခဲ့သကဲ့သို့ ဂိုးကန်သွင်းမှု (၁၁)ကြိမ် ရရှိခဲ့သည်။ ထို (၁၁)ကြိမ်တွင် ရှစ်ကြိမ်တိတိ ဂိုးပေါက်တည့်ခဲ့ကာ သုံးဂိုးရရှိခဲ့သည်။ ယခုပွဲတွင် ဥရုဂွေးအသင်းမှ တိုက်စစ်မှူးများဖြစ်ကြသည့် ဆွာရက်ဇ်နှင့် ဒီယေဂိုမာတင်ဖော်လန်တို့ အထူးခြေစွမ်းပြကစားသွားနိုင်ခဲ့သည်။ ဥရုဂွေးအသင်းအတွက် ဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ဆွာရက်ဇ်၊ ပွဲချိန် ၄၁ မိနစ်နှင့် ၈၉ မိနစ်တို့တွင် ဒီယေဂိုမာတင်ဖော်လန်က သွင်းယူခဲ့ခြင်းဖြစ်သည်။



**ကိုပါအမေရိက ချန်ပီယံဆုဖလားကို ကိုင်မြှောက်၍ အောင်ပွဲခံနေသည့် ဥရုဂွေးအသင်းသားများ။**

**ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရ ဥရုဂွေး တိုက်စစ်မှူး ဆွာရက်ဇ်။**

### အကောင်းဆုံးဆု

ဥရုဂွေးအသင်းသည် ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် ကိုပါအမေရိကဖလားကို ပထမဆုံး ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ သမိုင်းတစ်လျှောက် (၁၅) ကြိမ်မြောက် ဗိုလ်စွဲခြင်းလည်းဖြစ်သည်။ ယခုကျင်းပခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ပီရူးအသင်းမှ ပေါ်လိုဂါရီရိုက ရွှေဖိနပ်ဆုရရှိခဲ့ပြီး ဥရုဂွေးတိုက်စစ်မှူးဆွာရက်ဇ်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသွားသည်။ ***ESPN***

**ဟန်သစ်**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်ရာဇာဝင်း၏ နိုင်ငံကူးလက်မှတ်- ၇၅၈၅၀၇သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်-

ph-၀၉၉၉၇၀၆၁၈

# ကျေးဇူးတင်ရှိခြင်း

... Asia World Co.ltd, Max Myanmar Co. နှင့် Hotel Zone ...

# အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုလွှာ

aroma Zulu Studio (Wedding Dress & Photo Studio) ...

## ဝန်ထမ်းအလိုရှိသည်

1.Chief Accountant
- B.Com-CPA
- Knowledge and experience in Accounting Software
- Good Communication skill and able to coordinate with colleagues

2.Logistics & Supplies Manager (Non-Medical)
- Proficiency in English Language
- Computer Literate

3.Logistics & Supplies Manager (Medical)
- M.B.B.S/B.Pharm with relevant experience
- Proficiency in English Language
- Computer Literate

4.Senior Nurse
- B.N.Sc / Dip. in Nursing
- Good Communication and Hospitality Skills

5.Nurse
- B.N.Sc / Dip. in Nursing
- Good Communication and Hospitality Skills

6.Midwife
- Dip in Midwifery

7.Driver

8.General Worker

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၂၉၇ဒီ)၊ စတုရန်းပေ(၁၂၀၀) ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ နွယ်သာကီ(၈)လမ်း၊ အမှတ်(၂၉၇)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုမြေအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ကြည်[၁၂/ဥကမ(နိုင်)၁၂၉၇၅၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိုကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက် အထားဖြစ်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမောင်မောင်(ဘဏ်)B.A,R.L(စဉ်-၄၉၀၃) ဒေါ်ခင်နှင်းရည် R.A,R.L(စဉ်-၄၆၆၂)**

**တရားလွှတ်တော်ရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေ**

**မြန်မာ့စီးပွားရေးဘဏ်(ဘဏ်ရှေ့နေ)**

**အခန်း(၄+၅)ပထမထပ်၊ (၁၀၆)တိုက်-၉/၁၁၊(၃၆)လမ်းတို၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**အိမ်-၂၉၂၇၀၄၊ H.P-၀၉-၅၁၀၆၄၀၆၊ ၀၉-၅၁၅-၅၀၆၇၊**

**၀၉-၄၃၀၂၃၄၁၃**

**ရန်ကုန်မြို့ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ဆေးကုဌာန ခုနစ်မြို့နယ်သို့ ဆေးပဒေသာပင် အလှူငွေကျပ် ၁၁ သိန်းကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မိုးပြည့်ပြည့်ဖြိုး၊ မြေး ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန် (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေး) မိသားစုက လှူဒါန်းရာ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်သန်းသန်းမြင့်နှင့် ခရိုင်တိုင်းရင်းဆေးမှူးများ လက်ခံရယူစဉ်။**

(ကြေးမုံ)

## ဂန့်ဂေါ စက်မှုလယ်ယာမှ ထွန်စက်များ အရစ်ကျစနစ်ဖြင့် ရောင်းချ

**ဂန့်ဂေါ ဇူလိုင် ၂၅**

တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် လွယ်ကူတွင်ကျယ်စွာ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် ဂန့်ဂေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ လယ်ယာ (၂၂) လယ်ထွန်စက်များကို တစ်စီးလျှင် ငွေကျပ် ၁၆သိန်းနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ အဆိုပါ စက်များကို ဇူလိုင်လမှစ၍ တစ်စီးလျှင် ငွေကျပ် ၁၄ သိန်း လေးသောင်း နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် အရစ်ကျစနစ်ဖြင့် ရောင်းချရာတွင် ပထမအရစ် ငွေကျပ်သုံးသိန်းဖြစ်၍ ကျန်ရှိငွေကို တစ်ကြိမ်လျှင် နှစ်သိန်း ရှစ်သောင်း ငါးထောင်ကျပ်နှုန်းဖြင့် လေးရစ်ခွဲ၍ ပေးသွင်းနိုင်ကြောင်း သိရသည်။

(၄၆၅)

**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အမှတ်(၃)ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူးမြင့်အောင် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၆၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပို့ချစဉ်။** (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးမြင့်မားရေး ဆရာ၊ ဆရာမ အရည်အသွေးပြည့်ဝရန်နှင့် ထူးချွန်ထက်မြက်သူများထွက်ပေါ်လာရေး ကျောင်းသား၊ ကျောင်းသူများက ပညာကို လိုလားစွာသင်ယူရန်လိုအပ်

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာပုံတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား

နေပြည်တော် ဇူလိုင် ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယမန်နေ့ ညနေပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်၊ မြန်မာ့ဘောလုံး အကယ်ဒမီ(မန္တလေး)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ညနေ ၃ နာရီခွဲတွင် ရတနာပုံတက္ကသိုလ်သို့ ရောက်ရှိရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ နှစ်ဦးသဘောတူ သတင်းထုတ်ပြန်ချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၅

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယနေ့မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးသည်။**

ယင်းသို့ တွေ့ဆုံအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြည်တွင်း/ပြည်ပ သတင်းထောက်များအား ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယနေ့ဆွေးနွေးမှုတွင် နှစ်ဦးသဘောတူ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ရာ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**သတင်းထုတ်ပြန်ချက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၅ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ လာရောက်တွေ့ဆုံခဲ့ပါသည်။

ဤတွေ့ဆုံမှုအတွက် နှစ်ဖက်စလုံးက အပြုသဘောရှုမြင်ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့**